# ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ (၂၆) ရက်နေ့၌ Online ဖြင့်ကျင်းပခဲ့သည့် နည်းပညာနှင့် အစီရင်ခံစာလုပ်ငန်းခွဲကော်မတီအစည်းအဝေးမှတ်တမ်း

## ၁။ ရည်ရွယ်ချက်

နည်းပညာနှင့်အစီရင်ခံစာလုပ်ငန်းခွဲကော်မတီအစည်းအဝေးအား အောက်ပါရည်ရွယ်ချက်များဖြင့် ရည်ရွယ် ကျင်းပခဲ့ခြင်းဖြစ်သည် -

- project definition ဖွင့်ဆိုသတ်မှတ်နိုင်ရန်အတွက် ဆွေးနွေးရန်
- QFE applications များအပေါ် အမှတ်ပေးစနစ်ဖြင့် ရွေးချယ်ခြင်းနှင့်အခြားအလားအလာရှိသော လူပုဂ္ဂိုလ်/ အဖွဲ့အစည်းများသို့ ချဉ်းကပ်ဆောင်ရွက်ရန်အတွက် ဆွေးနွေးရန်
- Forestry Report Review Workshop ၏ ရရှိခဲ့သည့် ရလဒ်များအတွက် Follow up အစည်းအဝေးများကျင်းပနိုင်ရေးအတွက် ဆွေးနွေးရန်
- အထွေထွေဆွေးနွေးရန်

## ၂။ အစည်းအဝေးတက်ရောက်သူများ

အစည်းအဝေးသို့ အစိုးရကိုယ်စားလှယ် (၅) ဦး၊ လုပ်ငန်းရှင်ကိုယ်စားလှယ် (၃) ဦး၊ အရပ်ဘက်ကိုယ်စားလှယ် (၂) ဦး၊ အမှတ် (၁) သတ္တုတွင်းလုပ်ငန်း၊ အမှတ် (၂) သတ္တုတွင်းလုပ်ငန်း၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း၊ ပြည်တွင်းအခွန်များဦးစီးဌာန စသည့် ဌာနဆိုင်ရာမှ (၈) ဦး၊ MOBD မှ (၂) ဦး၊ မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံးမှ (၁၀) ဦး၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများမှ (၄) ဦး၊ ကျား - ၁၅ ဦး၊ မ - ၁၉ ဦး၊ စုစုပေါင်း (၃၄) ဦးတက်ရောက်ခဲ့သည်။ အစည်းအဝေးတက်ရောက်သူစာရင်းအသေးစိတ်အား နောက်ဆက်တွဲ (၁) တွင် ဖော်ပြထားပါသည်။

## ၃။ project definition ဖွင့်ဆိုသတ်မှတ်နိုင်ရန်အတွက် ဆွေးနွေးခြင်း

(၁) စီမံကိန်းမန်နေဂျာကဆွေးနွေးရာ၌ ၂၀၁၉ စံနှုန်းပါ စာမျက်နှာ (၂၆) တွင် ဖော်ပြချက်အရ Project Level Data အား ပုံမှန်အချိန်မှန်ထုတ်ပြန်ရန်နှင့် ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၃၁) ရက်နေ့ နောက်ဆုံး ထုတ်ပြန်ရန်လည်း သတ်မှတ်ထားကြောင်း၊ Guidance Note ၂၉ နှင့် Requirement 4.7 အရ အဆင့် (၄) ဆင့်ရှိကြောင်း၊ ပြီးခဲ့သည့် ဩဂုတ်လ (၁၈) ရက်နေ့ အစည်းအဝေးတွင် ဥပမာပေး၍ ရှင်းလင်းခဲ့ပြီး ဖြစ်ကြောင်း မိတ်ဆက်ဆွေးနွေးခဲ့သည်။

(၂) ထို့နောက် Project Definition အပေါ် MTE ၏အကြံပြုချက်အား ကိုယ်စားလှယ်များနှင့် ဌာန/အဖွဲ့အစည်းများက ကန့်ကွက်ရန်မရှိကြောင်း သဘောထားပေးခဲ့ကြသည်။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကမူ MTE ၏ မှတ်ချက်ပါအရ တိကျစွာ သတ်မှတ်ပြဋ္ဌာန်းထားသည့် စတင်ရက်နှင့် သက်တမ်းကုန်ဆုံးရက် ကာလ အတွင်း အား မထည့်သင့်ကြောင်း၊ SOE အားလုံးနှင့် ကိုက်ညီမှုမရှိနိုင်ကြောင်း၊ ရေနံနှင့်သဘာဝဓါတ်ငွေ့ ကဏ္ဍ နှင့် သစ်တောကဏ္ဍများ သည်လည်း သဘောတရားခြင်းကွဲလွဲပါကြောင်း အကြံပြုခဲ့သည်။ လုပ်ငန်းရှင်ကိုယ်စားလှယ်တစ်ဦးကလည်း စတင်ရက်၊ ကုန်ဆုံးရက်ပါပြီးသားဖြစ်၍ အဆင်ပြေကြောင်း မှတ်ချက်ပြုခဲ့သည်။

(၃) လုပ်ငန်းရှင်ကိုယ်စားလှယ်တစ်ဦးကလည်း စာချုပ်စာတမ်းကို ဦးစားပေးပြီး သေသေချာချာ ဆောင်ရွက် သွားနိုင်ပါက အဆင်ပြေကြောင်း၊ အနှစ် (၃၀) ထိ ပွင့်လင်းမြင်သာစွာချပြရမည်ဟု အချက်ထည့်ရန် အကြံပြုဆွေးနွေးခဲ့သည်။ စီမံကိန်းမန်နေဂျာကလည်း ဘုံသဘောတူညီမှုရယူရန်ရက်မည်မျှ အချိန်ယူမည်ကိုလည်း သဘောထားပေးလိုပါကြောင်း၊ Legal instruments များကို ဤအဆင့်မှာဆွေးနွေးရင်ပိုကောင်းပါမည်ဖြစ်ကြောင်း၊ သက်ဆိုင်သည့် Legal instrument တွေ တစ်ခါတည်းဆွေးနွေးပေးမည်ဆိုပါက MSG တွင် ပိုမိုမြန်ဆန်အတည်ပြုနိုင်မည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

(၄) အစိုးရကိုယ်စားလှယ်တစ်ဦးကလည်း ဤအစည်းအဝေးတွင် တစ်ခါတည်းဆုံးဖြတ်နိုင်ပါက ပိုကောင်းမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။ သတ္တုတွင်းကဏ္ဍအစိုးရကိုယ်စားလှယ်တစ်ဦးကလည်း တစ်ခါတည်း ဆွေးနွေးစေချင်ကြောင်း၊ ရရှိသည့် ရလဒ်အား MSG သို့တင်ပြရန် အကြံပြုခဲ့သည်။

(၅) Legal Instrument တွေက မြန်မာနိုင်ငံတွင် ပတ်သက်ဆက်နွယ်မှုရှိနေ၊ မရှိနေကို ဆွေးနွေးရန် သဘောထားတောင်းခံရာ၌ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးက MSG အစည်းအဝေးတွင် အရေးကြီးဆွေးနွေးစရာရှိကြောင်း၊ MEITI Structure နှင့်ပတ်သက်၍လည်းရှိကြောင်း၊ ဤအစည်းအဝေးတွင် ဆွေးနွေးထားဖို့အကြံပြုကြောင်း ဆွေးနွေးခဲ့သည်။ စီမံကိန်းမန်နေဂျာကလည်း မြန်မာနိုင်ငံတွင် သတ်သတ်မှတ်မှတ်မရှိဟု လေ့လာထားရကြောင်း၊ သက်ဆိုင်ရာဌာနများအနေဖြင့် Project နှင့်ဆိုင်သည့်အရာ၊ ဥပဒေနှင့်သက်ဆိုင်သည့်အရာများ ဥပမာ PCC ၊ PSC တို့သည် Project နှင့်ဆိုင်သည့်အရာများဖြစ်သည့်အတွက် Legal Instrument အနေဖြင့် သတ်မှတ်၍ ရ၊ မရ မေးမြန်းဆွေးနွေးခဲ့သည်။ အစိုးရဘက်ကိုယ်စားလှယ်များနှင့်ဌာန/အဖွဲ့အစည်းများကလည်း လတ်တလောဆွေးနွေးရန်မရှိသေးကြောင်း၊ လုပ်ငန်းရှင်ကိုယ်စားလှယ်များနှင့် အရပ်ဘက်ကိုယ်စားလှယ်များကလည်း ဆွေးနွေးရန် မရှိသေးပါကြောင်း မှတ်ချက်ပြုခဲ့ကြသည်။

(၆) အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးက ဆွေးနွေးရာတွင် Threshold ဖြတ်လိုက်သည့်အပေါ်မူတည်ပြီး ပါတဲ့ ကုမ္ပဏီအားလုံး၏ Project Level အား ပါဝင်ရမည်ဖြစ်ကြောင်း၊ ဥပမာ TOTAL ၊ PTTEP

တို့အနေဖြင့် စီမံကိန်းအဆင့်ဒေတာများ အားလုံးပေးရသည်ကိုတွေ့ရကြောင်း ဆွေးနွေးခဲ့သည်။ အစိုးရကိုယ်စားလှယ်တစ်ဦးကလည်း ဥပမာအားဖြင့် Max Myanmar ကုမ္ပဏီဆိုပါက လုပ်ငန်းအမျိုးအစား (၂-၃) ခုပြုလုပ်ကြောင်း၊ အမျိုးအစားတစ်ခုတွင်မဟုတ်ဘဲ အကုန်လုံးပေးရခြင်းရှိ၊ မရှိကိုလည်း မေးမြန်းခဲ့သည်။ နည်းပညာညှိနှိုင်းရေးတာဝန်ခံကလည်း ပြန်လည်ရှင်းပြသည်မှာ ဥပမာအားဖြင့် ထူးကုမ္ပဏီဆိုပါက ကျောက်မီးသွေးပြုလုပ်ပါက ဆိုင်သည့် Project Level Reporting ဒေတာကိုပေးရမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

(၇) အစိုးရကိုယ်စားလှယ်တစ်ဦးကလည်း ကျောက်မျက်လုပ်ကွက်တစ်ခုတွင် ရေနံတင်ပို့ချင်သဖြင့် ရေနံတွင်လည်း အကျုံးဝင်နေပြီး ကျောက်မျက်တွင် တကယ်ကျောက်မထုတ်သော်လည်း နယ်ပယ်တွင်ပါဝင်သွားသည်မျိုး နှစ်မျိုးစလုံးတွင် အကုန်ပါသွားတတ်ကြောင်းလည်း ဆွေးနွေးခဲ့သည်။ အရပ်ဘက်ကိုယ်စားလှယ်ကလည်း နယ်ပယ်သတ်မှတ်လိုက်သည့်အပေါ် အကျုံးဝင်နေတဲ့သည်အပေါ် တွင်သာဒေတာပေးရမည်ဖြစ်ကြောင်း၊ ရွှေသတ္တုဆိုပါက ရွှေအတွက်သာ ဒေတာ ပေးရမည်ဖြစ်ကြောင်း၊ စသဖြင့်ဆွေးနွေးခဲ့သည်။

(၈) နည်းပညာညှိနှိုင်းရေးတာဝန်ခံကလည်း အဆင့်အလိုက် ဆွေးနွေးသွားရမည်ဖြစ်ပြီး အဆင့် (၁) Definition ကို ဆွေးနွေးခြင်း၊ အဆင့် (၂) Project အလိုက် Revenue stream များအားသတ်မှတ်ခြင်း၊ Project Level ဆောင်ရွက်မည်ဆိုပါက အခက်အခဲ၊ အတားအဆီးများ ရှိ ၊ မရှိ၊ အဆင့် (၃) မည်သူများက မည်ကဲ့သို့အစီရင်ခံမည်၊ SOE နှင့် ကုမ္ပဏီများက တင်ပြရမည့်အချက်အလက် များအတည်ပြုခြင်း၊ အဆင့် (၄) Revenue stream တွေ မည်ကဲ့သို့သွားမည်နှင့် ကုမ္ပဏီက မည်သည့်ပုံစံနှင့်သွားမည်ကို သတ်မှတ်အတည်ပြုရမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

(၉) ထို့နောက် မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံးမှ အဆိုပြုတင်ပြသည့် EITI စံနှုန်းအရ စီမံကိန်းအဓိပ္ပာယ် (Project Definition) အား ဆွေးနွေးပြင်ဆင်ချက် များဖြင့် အောက်ပါအတိုင်း သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည် -

*"တည်ဆဲဥပဒေများနှင့်အညီ သက်ဆိုင်ရာအစိုးရဌာန (လိုင်စင်ထုတ်ပေး သော ဌာန (သို့) စာချုပ်ချုပ်ဆိုသောဌာန) အသီးသီးမှ ခွင့်ပြုပေးသော အမည်နာမအမျိုးမျိုးဖြင့် ချုပ်ဆိုထားသည့် ခွင့်ပြုမိန့်တစ်ခုချင်းစီ၊ စာချုပ်တစ်ခုချင်းစီ၊ လိုင်စင်၊ အငှားစာချုပ်၊ လုပ်ဆောင်ခွင့် သို့မဟုတ် အလားတူ ဥပဒေဆိုင်ရာ သဘောတူညီချက်တစ်ခုဖြင့် ထိန်းကျောင်း အပ်သော လုပ်ငန်းလည်ပတ် ဆောင်ရွက်ခြင်းများဖြစ်ပြီး အစိုးရနှင့် ပေးချေရန်တာဝန်ရှိမှုကို ဖြစ်ပေါ်စေသောအရာ"*

ထို့အပြင် "သဘောတူထားသည့် Project Definition အား သုံးပွင့်ဆိုင်ညွှန့်ပေါင်း အဖွဲ့အစည်းအဝေးတွင် ဆက်လက်တင်ပြဆွေးနွေးရန်" ဆုံးဖြတ်ခဲ့ကြသည်။

(၁၀) လုပ်ငန်းရှင်ကိုယ်စားလှယ်တစ်ဦးကလည်း မိမိဆွေးနွေးလိုသည်မှာ စာချုပ်တွေက ဥပဒေအပြင်ကနေ ချုပ်ဆိုထားသည့်စာချုပ်များကို မည်ကဲ့သို့ ထိန်းကျောင်းမည်ကို သိလိုကြောင်း၊ အဆိုပါ ဥပဒေပြင်ပက ကုမ္ပဏီများကြောင့် လုပ်ငန်းရှင်များအနေဖြင့် ယှဉ်ပြိုင်ရန် အနေအထား မတူညီရကြောင်းလည်း ဆွေးနွေးခဲ့သည်။ အဆိုပါဆွေးနွေးမှုအပေါ် လုပ်ငန်းရှင်ကိုယ်စားလှယ်တစ်ဦးကလည်း ယခင်စာချုပ် များနှင့် ယှဉ်ပြိုင်ရတာ အားငယ်နိုင်သည်ကို သဘောတူကြောင်း၊ သို့သော် မှန်မှန်ကန်ကန် ဆောင်ရွက် လိုစိတ်ရှိသူများအနေဖြင့်မူ ဂုဏ်သိက္ခာရှိစွာဆောင်ရွက်လိုသည့်အတွက် ဤအနေအထားအား သဘော တူလိမ့်မည်ဖြစ်ကြောင်း၊ လိုအပ်သည့်ထိန်းညှိမှုများအား တစ်ဖြည်းဖြည်းချင်းဆောင်ရွက်နိုင်မည်ဟု ထင်မြင်ကြောင်း ဆွေးနွေးခဲ့သည်။

**၄။ QFE applications များအပေါ် အမှတ်ပေးစနစ်ဖြင့် ရွေးချယ်ခြင်းနှင့်အခြားအလားအလာရှိသော လူပုဂ္ဂိုလ်/ အဖွဲ့အစည်းများသို့ ချဉ်းကပ်ဆောင်ရွက်ရန်အတွက် ဆွေးနွေးခြင်း**

QFE နှင့်စပ်လျဉ်း၍ စီမံကိန်းမန်နေဂျာကတင်ပြရာ၌ ROEI ကြေညာခဲ့စဉ်ကာလအတွင်း လျှောက်လွှာ (၂) ခု လက်ခံရရှိခဲ့ကြောင်း၊ အဆိုပါ (၂) ဖွဲ့အား အမှတ်ပေးရွေးချယ်ရန်အတွက် ကိုယ်စားလှယ်များထံလည်း ပေးပို့ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ယခင်လျှောက်ထားသည့်အဖွဲ့ (၂) ဖွဲ့အပြင် ယနေ့လျှောက်ထားသည့် အဖွဲ့အား ထည့်သွင်းစဉ်းစားမှုအပေါ် သဘောထားမေးမြန်းရာတွင် ထည့်သွင်းစဉ်းစားရန် ကိုယ်စားလှယ် များက သဘောထားပေးခဲ့သည်။ USAID-TIGA မှ တာဝန်ရှိသူကလည်း နောက်ဆုံးရက်အား သတ်မှတ်ထားစေချင်ကြောင်း၊ Applicant များ စိစစ်သည့် Score sheet များအား ပြန်လည် ပေးပို့ရန်ရက်အား သတ်မှတ်ရန်ဆုံးဖြတ်ထားသည့်ကြောင်းလည်း အကြံပြုခဲ့သည်။ ထို့နောက် "QFE Application အပေါ် အမှတ်ပေး ရွေးချယ်ရန်အတွက် Score Sheet များအား နည်းပညာနှင့် အစီရင်ခံစာ လုပ်ငန်းခွဲကော်မတီမှ သက်ဆိုင်ရာ ကဏ္ဍ ကိုယ်စားလှယ်များက ဖြည့်သွင်း၍ NCS သို့ (၂၈- ၈-၂၀၂၀ ) ရက်နေ့ နောက်ဆုံးထား ပြန်လည်ပေးပို့ရွေးချယ်ပေးရန်" ဆုံးဖြတ်ခဲ့ကြသည်။

**၅။ Forestry Report Review Workshop ၏ ရရှိခဲ့သည့် ရလဒ်များအတွက် Follow up အစည်းအဝေးများကျင်းပနိုင်ရေးဆွေးနွေးခြင်း**

(၁) နည်းပညာကျွမ်းကျင်သူကတင်ပြရာ၌ MEITI သစ်တောကဏ္ဍ အစီရင်ခံစာများအား ထုတ်ပြန် ကြေညာခြင်းနှင့် သုံးသပ်ခြင်းအလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခဲ့ကြောင်း၊ အလုပ်ရုံ ဆွေးနွေးပွဲတွင် အကြံပြုတိုက်တွန်းချက်များ၊ ဆွေးနွေးချက်များရှိကြောင်း၊ အဆိုပါအကြံပြုတိုက်တွန်း ချက်များအား

အကောင်အထည် ဖော်ရန်အတွက် Follow up အစည်းအဝေးများကျင်းပနိုင်ရန် ဆွေးနွေးပေးစေလိုကြောင်း တင်ပြခဲ့သည်။

(၂) အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း လုပ်ငန်းအဖွဲ့ (Task Force) တစ်ခုဖွဲ့နိုင်ပါက ကောင်းမွန်မည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ပြီး နည်းပညာကျွမ်းကျင်သူကလည်း Task Force ဖွဲ့သည့်အခါ IRD နှင့် OAG တို့ကလည်း ပါဝင်ပေးပါရန်လည်း အဆိုပြုခဲ့သည်။ ထို့နောက် "Forestry Report Review Workshop မှ ရရှိခဲ့သည့် ရလဒ်များအား အကောင်အထည်ဖော်ရန်အတွက် လုပ်ငန်းအဖွဲ့ (Task Force) ဖွဲ့စည်းရန် ဆုံးဖြတ်ခဲ့ကာ အစိုးရကဏ္ဍတွင် အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ မြန်မာ့သစ်လုပ်ငန်း၊ သစ်တောဦးစီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနနှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တို့မှ ကိုယ်စားလှယ်တစ်ဦးစီ၊ လုပ်ငန်းရှင်ကဏ္ဍ၌ မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းနှင့် သစ်လုပ်ငန်းရှင် များအသင်း (MFPTMA) ဥက္ကဋ္ဌ ဦးစိုးမော်၊ နှင့် တွဲဖက်အတွင်းရေးမှူး ဦးဝင်းဇော်၊ မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းနှင့် သစ်လုပ်ငန်းရှင် များအသင်း (MFPTMA) နှင့် အရပ်ဘက်ကဏ္ဍ ကိုယ်စားလှယ်နှစ်ဦးအနေဖြင့် ပြန်လည် အကြောင်း ပြန်မည်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းအနေဖြင့် Forests Trends မှ တစ်ဦးနှင့် မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံး (MEITI-NCS) မှ ဦးထွန်းပေါ်ဦး၊ နည်းပညာကျွမ်းကျင်သူ တို့ပါဝင်ရန်" ဆုံးဖြတ်ခဲ့ကြသည်။

(၃) NCS မှ သက်ဆိုင်ရာဌာနအသီးသီးသို့ အမည်စာရင်းတောင်းခံစာအား ပေးပို့ရန်၊ အဆိုပါ လုပ်ငန်းအဖွဲ့၏ ပထမအကြိမ်အစည်းအဝေးအား စက်တင်ဘာလ တတိယအပတ်တွင် ညှိနှိုင်းကျင်းပရန်၊ MOBD အနေဖြင့် အဆိုပါလုပ်ငန်းအဖွဲ့အတွက် လိုအပ်သော အစည်း အဝေးများနှင့် လုပ်ငန်းဆောင်တာများတွင် ပူးပေါင်းဆောင်ရွက်မည် ဖြစ်ကြောင်း မှတ်တမ်းတင်ဆုံးဖြတ်ခဲ့သည်။

# နည်းပညာနှင့်အစီရင်ခံစာလုပ်ငန်းခွဲကော်မတီ

## အစည်းအဝေးဆုံးဖြတ်ချက်များ

၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ (၂၆) ရက်　　　　Online Meeting

| စဉ် | ဆွေးနွေးဆုံးဖြတ်ချက်များ | ဆောင်ရွက်မည့်သူ | ဆောင်ရွက်မည့်အချိန် |
|---|---|---|---|
| ၁ | မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံးမှ အဆိုပြုတင်ပြသည့် EITI စံနှုန်းအရ စီမံကိန်းအဓိပ္ပာယ် (Project Definition) အား ဆွေးနွေးပြင်ဆင်ချက်များဖြင့် အောက်ပါအတိုင်း သဘောတူသည် -<br><br>*"တည်ဆဲဥပဒေများနှင့်အညီ သက်ဆိုင်ရာအစိုးရဌာန (လိုင်စင်ထုတ်ပေးသော ဌာန (သို့) စာချုပ်ချုပ်ဆိုသောဌာန) အသီးသီးမှ ခွင့်ပြုပေးသော အမည်နာမအမျိုးမျိုးဖြင့် ချုပ်ဆိုထားသည့် ခွင့်ပြုမိန့်တစ်ခုချင်းစီ၊ စာချုပ်တစ်ခုချင်းစီ၊ လိုင်စင်၊ အငှားစာချုပ်၊ လုပ်ဆောင်ခွင့် သို့မဟုတ် အလားတူ ဥပဒေဆိုင်ရာ သဘောတူညီချက်တစ်ခုဖြင့် ထိန်းကျောင်းအပ်သော လုပ်ငန်းလည်ပတ် ဆောင်ရွက်ခြင်းများဖြစ်ပြီး အစိုးရနှင့် ပေးချေရန်တာဝန်ရှိမှုကို ဖြစ်ပေါ်စေသောအရာ"* | Technical and Reporting Sub-committee | |
| ၂ | သဘောတူထားသည့် Project Definition အား သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့အစည်းအဝေးတွင် ဆက်လက်တင်ပြဆွေးနွေးရန် | Technical and Reporting Sub-committee, MSG, NCS | |
| ၃ | Project နှင့်သက်ဆိုင်သည့် Legal Instruments များအား စာရင်းပြုစု၍ မှတ်တမ်းထားရှိရန်အတွက် ဆွေးနွေးရန်မရှိသေးကြောင်း မှတ်တမ်းတင်သည်။ | Technical and Reporting Sub-committee | |
| ၄ | QFE Application အပေါ် အမှတ်ပေး ရွေးချယ်ရန်အတွက် Score Sheet များအား နည်းပညာနှင့်အစီရင်ခံစာလုပ်ငန်းခွဲကော်မတီမှ သက်ဆိုင်ရာကဏ္ဍ ကိုယ်စားလှယ်များက ဖြည့်သွင်း၍ NCS သို့ (၂၈- ၈-၂၀၂၀ ) ရက်နေ့ နောက်ဆုံးထား ပြန်လည်ပေးပို့ရွေးချယ်ပေးရန် | Technical and Reporting Sub-committee | |

| | | | |
|---|---|---|---|
| ၅ | Forestry Report Review Workshop မှ ရရှိခဲ့သည့် ရလဒ်များအား အကောင်အထည်ဖော်ရန်အတွက် လုပ်ငန်းအဖွဲ့ (Task Force) အား အောက်ပါအတိုင်း ဖွဲ့စည်းရန် -<br>**အစိုးရကဏ္ဍ**<br>ကိုယ်စားလှယ်တစ်ဦး၊ အကောက်ခွန်ဦးစီးဌာန<br>ကိုယ်စားလှယ်တစ်ဦး၊ ပြည်တွင်းအခွန်များဦးစီးဌာန<br>ကိုယ်စားလှယ်တစ်ဦး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး<br>ကိုယ်စားလှယ်တစ်ဦး၊ မြန်မာ့သစ်လုပ်ငန်း<br>ကိုယ်စားလှယ်တစ်ဦး၊ သစ်တောဦးစီးဌာန<br>ကိုယ်စားလှယ်တစ်ဦး၊ ကုန်သွယ်ရေးဦးစီးဌာန<br>ကိုယ်စားလှယ်တစ်ဦး၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်<br><br>**လုပ်ငန်းရှင်ကဏ္ဍ**<br>ဦးစိုးမော်၊ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းနှင့် သစ်လုပ်ငန်းရှင်များအသင်း (MFPTMA)<br>ဦးဝင်းဇော်၊ တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းနှင့် သစ်လုပ်ငန်းရှင်များအသင်း (MFPTMA)<br>**အရပ်ဘက်ကဏ္ဍ**<br>ကိုယ်စားလှယ်နှစ်ဦး (အမည်စာရင်းအား ပြန်လည် အကြောင်းပြန်မည်)<br><br>**ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း**<br>• Forests Trends<br>**မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံး (MEITI-NCS)**<br>• ဦးထွန်းပေါ်ဦး၊ နည်းပညာကျွမ်းကျင်သူ<br><br>NCS မှ သက်ဆိုင်ရာဌာနအသီးသီးသို့ အမည်စာရင်းတောင်းခံစာအား ပေးပို့ရန်<br><br>အဆိုပါ လုပ်ငန်းအဖွဲ့၏ ပထမအကြိမ်အစည်းအဝေးအား စက်တင်ဘာလ တတိယအပတ်တွင် ညှိနှိုင်းကျင်းပရန်<br><br>MOBD အနေဖြင့် အဆိုပါလုပ်ငန်းအဖွဲ့အတွက် လိုအပ်သော အစည်းအဝေးများနှင့် လုပ်ငန်းဆောင်တာများတွင် ပူးပေါင်းဆောင်ရွက်မည် ဖြစ်သည်။ | သက်ဆိုင်ရာဌာန/အဖွဲ့အစည်းများ၊ NCS ၊ MOBD ၊ Forests Trends | |

နောက်ဆက်တွဲ (၁) အစည်းအဝေးတက်ရောက်သူများ (ကျား - ၁၅ ဦး၊ မ - ၁၉ ဦး၊ စုစုပေါင်း -၃၄ ဦး)

| စဉ် | အမည် | ရာထူး/တာဝန် | ဌာန/အဖွဲ့အစည်း |
|---|---|---|---|
| **အစိုးရကဏ္ဍ** | | | |
| ၁ | ဦးခင်မောင်ကြည် | DGM | MTE |
| ၂ | ဦးကျော်ဇောထွန်း | AD | DOM |
| ၃ | ဦးရွှေဝင်း | AGM | MGE |
| ၄ | ဒေါ်ကြူကြူဝင်း | AGM | MGE |
| ၅ | ဒေါ်ဝင်းဝင်းကြူ | DD | OGPD |
| **လုပ်ငန်းရှင်ကဏ္ဍ** | | | |
| ၆ | ဦးစိုးမော် | Chair | MFPTMA |
| ၇ | ဦးသန့်ဇင်ဦး | EC | MFMA |
| ၈ | ဒေါ်မေသက်စုဦး | PSC and Partner Reporting Supervisor | TOTAL |
| **အရပ်ဘက်ကဏ္ဍ** | | | |
| ၉ | ဒေါ်မိုးမိုးထွန်း | MSG | MATA |
| ၁၀ | ဦးဘုန်းပြည့်ကြွယ် | PC, Alternate | MATA |
| **MOBD** | | | |
| ၁၁ | ဒေါ်မြမြင့်သန်း | AD | MOBD |
| ၁၂ | ဒေါ်အိအိမွန် | စိစစ်ရေးမှူး | MOBD |
| **Development Partner** | | | |
| ၁၃ | ဒေါ်သီသီဟန် | Consultant | World Bank |
| ၁၄ | ဒေါ်ရှုအိအိထွန်း | | Nathan Associates |
| ၁၅ | ဒေါ်တာရာမောင် | | Nathan Associates |
| ၁၆ | ဒေါ်ခင်စောငွေး | | Forests Trends |
| **အစိုးရဌာန/အဖွဲ့အစည်းများ** | | | |
| ၁၇ | ဦးဝင်းအောင်ညို | Director | IRD |
| ၁၈ | ဒေါ်မြတ်သီရိ | SO | IRD |
| ၁၉ | ဒေါ်တင်တင်စိုး | AM | MGE |
| ၂၀ | ဒေါ်နန်းဖြူဖြူခိုင် | ကြီးကြပ်ရေးမှူး-ကွန်ပျူတာ | MGE |
| ၂၁ | ဒေါ်သီရိထွန်း | လက်မှုကျွမ်းကျင်-၁ | MGE |
| ၂၂ | ဒေါ်ပန်ပပလင်း | Manager | MPE |

| | | | |
|---|---|---|---|
| ၂၃ | ဒေါ်မိမိကျော် | AGM | ME1 |
| ၂၄ | ဦးရဲမျိုးမင်း | AGM | ME2 |
| **MEITI-NCS** | | | |
| ၂၅ | ဒေါ်နှင်းထက်ထက်အောင် | Programme Manager | MEITI-NCS |
| ၂၆ | ဦးထွန်းပေါ်ဦး | Technical Specialist | MEITI-NCS |
| ၂၇ | ဦးနေမင်းမောင် | Technical Coordinator | MEITI-NCS |
| ၂၈ | ဦးကျော်သင်းမောင် | Program Assistant | MEITI-NCS |
| ၂၉ | ဦးဟိန်းထက်စိုး | Technical Officer | MEITI-NCS |
| ၃၀ | ဦးဇွဲစည်သူအောင် | BO Coordinator | MEITI-NCS |
| ၃၁ | ဒေါ်ထက်နန္ဒာအောင် | Senior Communication Officer | MEITI-NCS |
| ၃၂ | ဦးဇင်ကိုကိုအောင် | Communication Officer | MEITI-NCS |
| ၃၃ | ဒေါ်လဲ့လဲ့ဝင်းမော် | Finance Officer | MEITI-NCS |
| ၃၄ | ဦးတက်ထွန်းဆိုင် | Admin Assistant | MEITI-NCS |

No.13 (A), Mya Yadanar Street, 16 Ward, Baukhtaw,
Yankin Township.Yangon 11081
Tel.: +95 1 401 178, Mobile: +95 9 400 888 123
E-mail: communication@myanmareiti.org
www.myanmareiti.org

Fiscal Policy, Strategy and EITI Division,
Budget Department,
Office No. (26), Naypyidaw
Tel.: +95 67 410 533
E-mail: meitioffice.mopf@myanmareiti.org